# လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကြေညာစာတမ်း

လူသားအားလုံးနှင့် သက်ဆိုင်ကြောင်း အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ရန်နှင့် ကာကွယ်ရန်အတွက် တစ်ဦးချင်းစီ၊ အုပ်စုလိုက်နှင့် လူ့အဖွဲ့အစည်းများ၏ တာဝန်ယူမှုနှင့် ရပိုင်ခွင့်ဆိုင်ရာ ကြေညာစာတမ်း

09.12.1998

ကြေညာစာတမ်း အတည်ပြုသည့်နေ့

ကုလသမဂ္ဂအထွေထွေညီလာခံမှ တညီတညွတ်တည်း သဘောတူညီမှုဖြင့် အတည်ပြုခဲ့သည်။

## ကာကွယ်စောင့်ရှောက်သူများ ဆိုသည်မှာ မည်သူနည်း။

ဥပမာအားဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အမျိုးသမီးများ၏ အခွင့်အရေးများ၊ မူရင်းဌာနေလူမျိုးများ သို့မဟုတ် လိင်တူချင်းစုံမက်သော အမျိုးသား၊ လိင်တူချင်းစုံမက်သော အမျိုးသမီး၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲနေထိုင်သူနှင့် လိင်အင်္ဂါနှစ်စုံရှိသူများ ၏ အခွင့်အရေးများကဲ့သို့သော လူ့အခွင့်အရေးကို လေးစားရေးအတွက် ဆောင်ရွက်သည့် သာမန် အမျိုးသား၊ အမျိုးသမီးများ။ ၎င်းတို့သည် တစ်ဦးချင်းအနေဖြင့် ဆောင်ရွက်နိုင်သကဲ့သို့ အဖွဲ့အစည်းများဖြင့် ဆောင်ရွက်နိုင်သည်။

## သင့်အနေဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို မည်သို့ ကူညီပံ့ပိုးပေးနိုင်သနည်း။

- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ ကြေညာစာတမ်းပါ သတင်းအချက်အလက်များကို ဖြန့်ဖြူးပါ။
- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ ဆောင်ရွက်ချက်ကို အသိအမှတ်ပြုပေးပါ။
- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ကူညီ ကာကွယ်ပေးသည့် အဖွဲ့အစည်းများကို ထောက်ခံ ကူညီပေးပါ။
- အန္တရာယ် ကြုံတွေ့ရနိုင်သည့် ကာကွယ်စောင့်ရှောက်သူများအတွက် ဆောင်ရွက်ပေးပါ။
- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတစ်ဦး အဖြစ် ဆောင်ရွက်ပါ။ လူ့အခွင့်အရေးကို မြှင့်တင်ရန်နှင့် ကာကွယ်ရန် လူတိုင်းတွင် တာဝန်ရှိပြီး လုပ်ဆောင်ခွင့် ရှိသည်။

## ကြေညာစာတမ်း၏ ရပ်တည်ချက်မှာ အဘယ်နည်း။

လူ့အခွင့်အရေးကို မြှင့်တင်၊ ကာကွယ်၊ စောင့်ရှောက်ရေးအတွက် သက်ဆိုင်ဆီလျော်သော စည်းနှောင်အား ရှိသည့် နိုင်ငံတကာ ဥပဒေအပေါ် တွင် ဤကြေညာစာတမ်းကို အခြေခံထားပြီး ယင်းဥပဒေကို ပေါင်းစည်းကာ ထင်ဟပ်စေသည့် စာတမ်းဖြစ်သည်။

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ အခွင့်အရေးများနှင့် ၎င်းတို့အား အကာအကွယ်ပေးခြင်းများ

- နိုင်ငံတကာနှင့် ၎င်းတို့၏ နိုင်ငံများတွင် လူ့အခွင့်အရေးကို မြှင့်တင်ရန်
- တစ်ဦးတစ်ယောက်တည်းဖြစ်စေ၊ အခြားသူများနှင့် ဖြစ်စေ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေး
- အသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ဖွဲ့စည်းရန်
- ငြိမ်းချမ်းစွာ စုဝေးရန် သို့မဟုတ် တွေ့ဆုံရန်
- လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် သတင်းအချက်လက်များကို ရှာဖွေရန်၊ ရယူရန်၊ လက်ခံရန်နှင့် သိမ်းဆည်းရန်
- လူ့အခွင့်အရေးအတွေးခေါ်အသစ်များနှင့် မူအသစ်များကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်နှင့် ဆွေးနွေးရန် အပြင် ၎င်းတို့၏ လက်ခံမှုကို ထောက်ခံစည်းရုံးလှုံ့ဆော်ရန်
- အာဏာပိုင်များထံ ဝေဖန်ချက်နှင့် အဆိုပြုချက်များကို ၎င်းတို့၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု တိုးတက်ရေးအတွက် တင်ပြရန် နှင့် လူ့အခွင့်အရေးဆိုင်ရာ သိနားလည်မှု အပေါ် ခြိမ်းခြောက်လာမှုများရှိက ၎င်း တို့အား နှိုးဆော်အသိပေးရန်
- လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး တရားဝင်ထုတ်ထားသော မူဝါဒများနှင့် လုပ်ဆောင်ချက်များအကြောင်း တိုင်ကြားမှု ပြုရန် နှင့် အဆိုပါတိုင်ကြားချက်များ အပေါ် ပြန်လည်သုံးသပ်မှု ထားရှိရန်
- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးရာတွင် အရည်အသွေးပြည့်မီသော ဥပဒေ အထောက်အကူ သို့မဟုတ် အခြား အကြံဉာဏ်နှင့် အကူအညီကို ကျွမ်းကျင်ပေါက်မြောက်စွာဖြင့် ကူညီဖြည့်ဆည်းပေးရန်နှင့် ကမ်းလှမ်းရန်
- ပြည်တွင်း ဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေး တာဝန်ဝတ္တရားများနှင့် အညီ ၎င်းတို့၏ လိုက်နာမှုအပေါ် ဆန်းစစ်နိုင်ရန် အများပြည်သူရှေ့ စစ်ဆေး ကြားနာခြင်းများ၊ အမှုဆိုင်ရာဆောင်ရွက်ချက်များနှင့် တရားခွင် တရား စီရင်မှုများသို့ တက်ရောက်ရန်
- အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများနှင့် ကန့်သတ်ချက်မရှိ ဆက်သွယ် ဆက်ဆံရန်
- ထိရောက်သည့် ကုစားမှု အကျိုးကျေးဇူးရရှိရန်
- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အလုပ်အကိုင် သို့မဟုတ် အသက်မွေးမှု အပေါ် ဥပဒေဘောင်ဝင်သော ကျင့်သုံးမှု ဖြစ်ရန်
- လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ငြိမ်းချမ်းစွာ ဆောင်ရွက် ဖြေရှင်းသည့် အခါ ပြည်တွင်းဥပဒေနှင့် အညီ ထိထိရောက်ရောက် အကာအကွယ်ပေးရန်
- လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရေး ရည်ရွယ်ချက်အတွက် ရင်းမြစ်များကို တောင်းခံရန်၊ လက်ခံရန် နှင့် အသုံးပြုရန်။

အပိုဒ်များ ၁၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၁၊ ၁၂ နှင့် ၁၃

## နိုင်ငံအစိုးရများ၏ တာဝန်များ

- လူ့အခွင့်အရေးများအားလုံးကို ကာကွယ်ရန်၊ မြှင့်တင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရန်
- စီရင်ပိုင်ခွင့်နှင့်အညီ လူပုဂ္ဂိုလ်အားလုံးသည် လူ့အခွင့်အရေးများအားလုံးနှင့် အခြေခံ လွတ်လပ်ခွင့်များကို ခံစားခွင့် ရရှိနိုင်စေရေး လုပ်ဆောင်ပေးရန်
- ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်နိုင်စေရန် ဥပဒေပြုရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာနှင့် အခြားသော အဆင့်များကို ချမှတ်ရန်
- လူ့အခွင့်အရေး ချိုးဖောက်ခံရဖူးကြောင်း ဖွင့်ဟသော ပုဂ္ဂိုလ်များအတွက် ထိရောက်မှုရှိသော ကုစားမှု တစ်ရပ် ဖြည့်ဆည်းပေးရန်
- လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း စွပ်စွဲခံရမှုများကို ချက်ချင်းလျင်မြန်စွာနှင့် ဘက်လိုက်မှု ကင်းစွာ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန်
- ၎င်းတို့ ၏ လူ့အခွင့်အရေး ဆောင်ရွက်ချက်အပေါ် အကြောင်းပြုကာ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုများ၊ လက်စားချေမှု၊ ဆိုးဝါးစွာ ခွဲခြားဆက်ဆံမှု၊ ဖိအားပေးမှု သို့မဟုတ် အခြားသော နည်းဖြင့် မတရားပြုမူမှု ခံရခြင်းများမှ လူတိုင်းအား အကာအကွယ်ပေးနိုင်ရန်အတွက် လိုအပ်သည့် တိုင်းတာမှုနည်းလမ်းများ အားလုံးကို ဆောင်ရွက်ရန်
- နိုင်ငံသား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများအပေါ် ပြည်သူများ၏ သဘောပေါက်နားလည်မှုကို မြှင့်တင်ရန်
- လွတ်လပ်သည့် နိုင်ငံတော်အဆင့် လူ့အခွင့်အရေး အဖွဲ့အစည်းများကို ဖန်တီးခြင်းနှင့် တိုးတက်ရေးကို ထောက်ပံ့ ကူညီပေးရန်
- ကျောင်းသင်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သင်တန်းများ၏ နေရာအဆင့်များအားလုံးတွင် လူ့အခွင့်အရေးသင်ကြားမှု ကို မြှင့်တင်ရန်နှင့် စေ့ဆော်ပေးရန်

အပိုဒ်များ ၂၊ ၉၊ ၁၂၊ ၁၄ နှင့် ၁၅

## လူတိုင်း၏ တာဝန်ဝတ္တရားများ

- လူ့အခွင့်အရေးကို မြှင့်တင်ရန်၊ ဒီမိုကရေစီနှင့် ဆိုင်ရာ အင်စတီကျူးရှင်းများကို ကာကွယ်စောင့်ရှောက်ရန် နှင့် အခြားသူများကို လူ့အခွင့်အရေး ချိုးဖောက်ခြင်း မပြုရန်
- အဆိုပါ အခွင့်အရေးများကို ကာကွယ်ပေးရာတွင် အခြားသူများ၏ လူ့အခွင့်အရေးများအပေါ် သက်ရောက်မှု ရှိနိုင်သော အသက်မွေးမှုပညာများဖြင့် ကျင့်သုံးဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များ ၊ အထူးသဖြင့် ရဲအရာရှိများ၊ ရှေ့နေများ၊ တရားသူကြီးများစသည့် ပုဂ္ဂိုလ်များတွင် တာဝန်ရှိသည်။

အပိုဒ်များ ၁၀၊ ၁၁ နှင့် ၁၈